## “ကွမ်းသီးပင်”တွင်ကျရောက်သောရောဂါများနှင့်ကာကွယ်နှိမ်နင်းနည်းများ

**(၁) ကွမ်းသီးနှင့်အဖူးပုပ်ရောဂါ (Fruit or Bud rot of Betel Nut)**

**ရောဂါဖြစ်စေသောသက်ရှိ - Phytophthora palmivora (E. J. Butler) E. J. Butler),**

***Phytophthora meadii* McRae**

**ရောဂါလက္ခဏာများ**

အသီးစိမ်းပေါ်တွင် ရေစိုနာကွက်များစတင်ဖြစ်ပေါ်သည်။ နောက်ပိုင်းတွင် အစိမ်းရောင်ပြောက်ကာ စိမ်းမှိုင်းမှိုင်းအရောင်ဖြစ်ပြီး အသီးများကြွေကျသည်။ အသီးများပေါ်တွင် ကတ္တီပါဖုံးအုပ်ထားသကဲ့သို့ အဖြူရောင် မှိုမျှင်များတွေ့ရသည်။ ရောဂါဖြစ်နေစဉ်အတွင်း ထိုရေစိုနာကွက်များ ကြီးမားကျယ်ပြန့်လာပြီး ထိပ်ပိုင်းသို့ ရောက်ရှိလာကာ ထိပ်ပုပ်၍ ညှိုးခြောက်သေသွားသည်။ ရောဂါပြင်းထန်းပြီး အသီးပုပ်ကြွေကျခြင်းကြောင့် ဆုံးရှုံးမှုပိုများနိုင်သည်။ ရောဂါတိုက်ခိုက်ခံရသော အသီးသည် ၎င်း၏တောက်ပြောင်နေသောအစိမ်းရောင်များ ပျောက်ဆုံးသွားသဖြင့် ဈေးကွက်မဝင်တော့ပါ။





**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါကျအပင်၏ ခြောက်သေနေသော ထိပ်ပိုင်းရှိ အသီးမှဲ့အခိုင်များ၊ ထိပ်ပိုင်း များ ကို ခုတ်ဖြတ်စုပုံ၍ မီးရှို့ဖျက်ဆီးပစ်ပါ။
- ရောဂါရအသီးများအား ရောဂါဆက်လက်မပျံ့နှံ့စေရန် စုပုံဖျက်ဆီးပစ်ပါ။
- Copper (ကော့ပါး) ပါဝင်သောဆေးများကိုမိုးဦးကျစချိန်မှစ၍ ကွမ်းသီးပင် ထိပ်ပိုင်းကို ပက်ဖျန်းပေးပါ။ ရောဂါကွက်စတင်တွေ့ရှိပါက Fosetyl-AL (ဖော့စတိုင်အေအယ်လ်)၊ Metalaxyl (မီတယ်လဆီ) စသောဆေးများ အသုံးပြုနိုင်သည်။